
NEW IDEA
စိတ်ကူးသစ်စာပေ
နေမိုးသော်
ရှေ့နေမလေး
မေစံရှား နှင့်
သတ္တမမြောက်သားကောင်

# Serial Killer

Serial Killer ဆိုသည် ကို သင်ကြားဖူးပါလိမ့်မယ်။

Oxford Advanced Learner"s Dictionary တွင် Serial Killer ကို A person who murders several people one after the other in a similar way ဟု ဖော်ပြထားသည် ။

အင်္ဂလိပ်-မြန်မာအဘိဓာန်၌ "တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သတ်သော လူသတ်သမား"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည် ။

အနောက်နိုင်ငံ မှုခင်းဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ ၌ ထို Serial Killer များ အကြောင်း တွေ့ရတတ်သည် ။

လူတစ်ယောက်တည်းက လူအများကို ဆက်တိုက်သတ်သောသူ၊ သတ်ပုံသတ်နည်းမှာ လည်း ပုံစံတစ်မျိုးတည်း၊ များ သောအားဖြင့်တော့ ထိုလူသတ်သမားသည် စိတ်ရောဂါတစ်ခုခုရှိသော စိတ္တဇလူသတ်သမားဖြစ်နေတတ်၏။

ကျွန်တော်တို့ နိုင်ငံ၌ ပေါ်ပေါက်ခဲ့သော...

လွန်ခဲ့သောနှစ်အတွင်းက Serial Killer တစ်ယောက်အကြောင်း သင်ကြားဖူးလိုက်ပါ သလား။

သူသည် လျှို့ဝှက်၏ ၊ ဆန်းပြား၏ ၊ ဉာဏ်များ ၏။

သူ့အကြောင်းက စိတ်ဝင်စားဖွယ်ကောင်း၏။

သူ့အမှုများ ၌ မေစံရှားပါဝင်ပတ်သက်လာရသောအခါ...

*

## ၁။ လောဘသားကောင်

### ဖြစ်စဉ်အကျဉ်း

မြို့နှင်းတို့ သိပ်သည်းထူထပ်စွာကျ၍ အအေးဓာတ်လွန်ကဲသော ည တစ်ညတွင် ပထမဆုံးသားကောင်အဖြစ် ရွေးချယ်ခံလိုက်ရသူမှာ ဦးဘ ပွားဖြစ်သည် ။

ဦးဘပွားသည် မြို့တွင် မျက်နှာဖုံးစာရင်းဝင်၏။ မြို့၏ အချက်အချာ ကျသောနေရာတွင် တိုက်နှင့် ဝန်းနှင့် နေနိုင်၏။ စီးပွားရေးလုပ်ငန်းများ ထူထောင်ထားနိုင်ပြီး မြို့၏ အချမ်းသာဆုံးသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြ စ်၏။

ငွေကြေးဥစ္စာခနကြောင့် လူရိုသေ၊ ရှင်ရိုသေ နာမည်ကြီးပုဂ္ဂိုလ်တစ် ဦးဖြစ်သော်ငြား၊ လူအများ ၏ ချစ်ခင်လေးစားကြည်ညိုမှုကိုကားမရ၊ ယင်းမှာ သူ၏ အတ္တကြောင့် ဖြစ်၏။ လောဘကြောင့် ဖြစ်၏။

ယနေ့ ချမ်းသာသည် ။ မနက်ဖြန် ပို၍ ချမ်းသာရမည်။ သန်ဘက်ခါ ပို၍ ပို၍ ချမ်းသာရမည်ဟု ဦးဘပွား မျှော်လင့်၏။ မျှော်လင့်သည့်အတိုင်း ဖြစ်လာအောင် လုပ်၏။ မိမိချမ်းသာဖို့ ဆိုလျှင် ဘယ်သူသေသေ ငတေမာဖို့ ဟူသောမူကို ဦးဘပွား ဆွဲကိုင်ထား၏။ သ ည် တော့ မချမ်းသာဘဲ နေမလား။

တိုက်တွေ ပွားလာ၏။

လယ်တွေ၊ ခြံတွေ ပွားလာ၏။

စိန်တွေ၊ ရွှေတွေ ပွားလာ၏။

ဇနီးဇယားတွေလည်း ပွားလာ၏။

နေ့စဉ်ပွားနေသူ ဦးဘပွား..။ သုစရိုက်တွေမပွား၊ ဒုစရိုက်တွေပွားနေသူ ဦးဘပွား..။

ထို ဦးဘပွားသည် အသတ်ခံလိုက်ရ၏။

ထို အသတ်ခံရသောရက်ပိုင်းက မယားကြီးဖြစ်သူ ဒေါ်စိန်မြနှင့် သားသမီးများ ၊ ဘုရားဖူးသွားနေသည့်အတွက် အိမ်တွင် ဦးဘပွားနှင့် လက်စွဲတပည့်ကျော် မြသီးတို့ သာ ရှိသည် ။

ထုံးစံအတိုင်း အိမ်တွင် အဘွားကြီးမရှိခိုက် ဦးဘပွားက ပျော်တော်ဆက်ကလေးကို လိုလား၏။ လက်စွဲတပည့်ကျော် မြသီးက သခင့်အကြိုက် ချောချောလှလှကလေးကို ရှာပေး၏။

မြသီးခေါ်လာသည် က ဖြူပြာ..။ အသက်ကလေးက နှစ်ဆယ်စွန်းစွန်း။ ကိုယ်လုံးကလေးက မော်ဒယ်ကလေးလို ကျစ်လျစ်သွယ်လျ၊ အဖောင်းအမို့၊ အရှိက်အဟိုက်တွေကလည်း ပန်းချီဆရာ၏ ကောက်ကြောင်းပမာ၊ မျက်နှာကလေး ဖြူဖြူနုနုပေါ်မှာ အလိမ်းအခြယ်တွေနှင့်။ အပြောအဆို၊ အမူအရာကလည်း ညှို့ကြိုးတွေ အထပ်ထပ်ဆင်လျက်။

သည် တော့ ခြောက်ဆယ်ကျော်၍ သုသာန်သို့ ခြေတစ်ဖက်လှမ်းကာ ပုတီးနှင့် ဘာဝနာကို ဖတ်ရမည့် ဦးဘပွားသည် သာသနာမဖတ် ယမကာအသက်ကလေးနှင့် တဏှာအရှိန်တွေ တက်လေတော့၏။

အပေါ်ထပ်က အခန်းမှာ ဦးဘပွားက ဖြူပြာနှင့် ဖို၊ မ ဓာတ်တွေကူးကာ ဆောင်းညကို ဖြတ်သန်းနေစဉ် အိမ်အောက်ထပ်၌ အရက်တစ်ပုလ

င်းနှင့် ဆက်ရက်မင်း စည်းစိမ်ကို မြသီးက ယူနေ၏။

ထိုအချိန်မှာ လူသတ်သမားက ရောက်လာခြင်းပဲဖြစ်သည် ။

အင်္ကျီနက်၊ ဘောင်းဘီနက်၊ ခေါင်းစွပ်အနက်၊ လက်အိတ်အနက်နှင့် လူသတ်သမား အိမ်ခြံဝင်းထဲဝင်လာချိန်တွင် အိမ်အောက်ထပ်ရှိ မြသီးမှာ အရက်တန်ဖိုးနှင့် မှောက်၍ နေသည် ။

ထို့ကြောင့် လူသတ်သမားက အောက်ထပ်တံခါးကို လွယ်ကူစွာဖွင့်ကာ အပေါ်ထပ်သို့ တက်သွားသည် ။ မြသီး မသိ...။

လူသတ်သမားမှာ အေးဆေးစွာ၊ ပိရိသေသပ်စွာသော ခြေလှမ်းများဖြင့် အပေါ်ထပ်သို့ တက် လာပြီး ဦးဘပွား၏ အခန်းနားသို့ ကပ်လိုက်သည် ။ အတွင်းသို့ နားစွင့်လိုက်သည် ။

အတွင်းမှ အသံသဲ့သဲ့ ကြားနေရ၏။

“ဟင့်...အစ်ကိုကြီးနော်...သိပ်ကဲတာပဲ”

“ချစ်လို့ ပါကွယ်..”

“အစ်ကိုကြီးချစ်တာတော့ ကြောက်ပါတယ်”

“ချစ်တာက ကြောက်စရာမှ မဟုတ်တာ။ ချိုတာ...၊ မြိန်တာ...၊ ယစ်တာ...၊ မူးတာ...။ ဟောဒီလို..ဟောဒီလို..”

“အို..အစ်ကိုကြီး”

လူသတ်သမား စိတ်မရှည်။

တံခါးကို အသာတွန်းဖွင့်လိုက်၏ ၊ တံခါးက ချက်ချမထား၍ အလွယ်တကူပင် ပွင့်သွားသည် ။ ပွင့်သွားသောတံခါးမှာ အသာအယာပင် အတွင်းသို့လှမ်းဝင်လိုက်၏။

မီးရောင်မှိန်ဖျော့ဖျော့ကလေးအောက် ဖဲမွေ့ရာအိစက်စက်ပေါ်တွင် ချစ်ဗျူဟာကျင်းနေကြသော ဦးဘပွားနှင့် ဖြူပြာတို့ နှစ်ယောက်မှာ ရမ္မက်ပင်လယ်၌ မျောနေကြသဖြင့် ရုတ်တရက် အခန်းတွင်းသို့ ညင်သာစွာ ဝင်လာသော လူသတ်သမားကို သတိမထားမိ။

လူသတ်သမားက ခုတင်နားသို့ ချဉ်းကပ် လာပြီး အော်ရယ်လိုက်သည် ။

“ဟား..ဟား…ဟား…သေခါနီး ရိက္ခာယူနေလိုက်တာ”

အသံဩဩကြီးနှင့် ဗလုံးဗထွေးပြောလိုက်သော လူသတ်သမား အသံကြားမှ ဦးဘပွားနှင့် ဖြူပြာတို့ ပျာယာခတ်သွားကြသည် ၊ နှစ်ကိုယ်ပူးနေရာမှ ဖျတ်ခနဲခွာ၊ ဖြူပြာက အနားမှ စောင်ကိုယူ၍ ဆွဲပတ်၊ ဦးဘပွားက သတိမဲ့သလို လန့်ဖျပ်ပြီး အဝတ်ဗလာနှင့် ထထိုင်…။

“ဟင်…မင်း..မင်း.. ဘယ်သူလဲ”

ဦးဘပွား လက်ညှိုးထိုးပြီး သွေးပျက်သလို တုန်နေဆဲတွင် ဖြူပြာက ကြောက်ကြောက်နှင့် ခုတင်ပေါ်မှ ဆင်းပြေးသဖြင့် လူသတ်သမားက ဖြူပြာရဲ့ ဆံပင်ကို ဖမ်းဆွဲပြီး ကျန်လက်တစ်ဖက်ဖြင့် ဖြတ်ရိုက်ချလိုက်ရာ “အမလေး” ဟု အော်လျက် ကြမ်းပြင်ပေါ် ခွေခနဲကျသွားသည် ။ မလှုပ်တော့…။ ဖြူပြာခမျာ ခေတ္တခဏ လောကနှင့် အဆက်အသွယ်ပြတ်သွားခဲ့ရပြီ။

“မင်း ဘယ်သူလဲ။ မင်း ဘာကြောင့် ငါ့အခန်းထဲ ဝင်လာတာလဲ”

ဦးဘပွား ကယောင်ချောက်ချား မေးသည် ။ ပြေးပေါက်ကို ရှာသော်လည်း မမြင်တော့။ လူသတ်သမားက သူ့ကို စီးမိုးထားချက်ရှိသည် ။

“သတ်မလို့ ..ခင်ဗျားကို သတ်မလို့ ”

လူသတ်သမား၏ ညာလက်နောက်မှ နေ၍ ဦးဘပွားမျက်နှာရှေ့သို့ ရောက်လာသည် ။ မီးရောင်မှ ဝိန်မှ ဝိန်တွင် မြင်ရသည် က ဓား၊ မီးရောင်ဖြင့် ဝင်းဝင်းလက်လက်ရှိနေသည့် ဓား..။

"မလုပ်..မလုပ်ပါနဲ့ ..ငါ့ကို မသတ်ပါနဲ့ "

"သတ်ဖို့ လာတာ"

"မသတ်ပါနဲ့ ..။ မင်းလိုချင်တာ ယူသွားပါ"

"ခင်ဗျားအသက်ပဲ လိုချင်တာ"

"မ..မလုပ်..အား.."

လူသတ်သမားက အချိန်မဆွဲ။ ကိုင်ထားသော ဓားမြှောင်ဦးက ဦးဘပွား၏ လည်မျိုကို ဖောက်ဝင်သွား၏။ ဦးဘပွား မျက်လုံးကြီးပြူးကာ အော်ရင်းဟစ်ရင်း လဲကျသွားသည် ။ လူသတ်သမားက ဒုတိယမြောက် ဓားချက်ကို ထိုလည်မျိုသို့ပင် ထပ်၍ သွင်းလိုက်သည် ။

"အ…အ…"

အပေါ်ထပ်မှ အသံတချို့ကြောင့် မြသီးနိုးလာတာ သူ့ဆရာအတွက် စိုးရိမ်စွာ ပြေးတက်သွား၏။ သို့သော် အရက်မူးနေသောအရှိန်ကြောင့် လူက ယိုင်ထိုးနေသည် ။ လှေကားထိပ်အရောက်မှာ အနက်ရောင်ဝတ် လူသတ်သမား ဘွားခနဲပေါ် လာပြီး ပြင်းထန်သော လက်သီးတစ်ချက်က မြသီး၏ မျက်နှာဆီသို့ ဝင်လာသည် ။

"ခွပ်.."

"ဝုန်း.."

မြသီး လှေကားမှ ပြန်၍ တလိမ့်ခေါက်ကွေးလိမ့်ကျကာ လှေကားရ

င်း၍ ပြန်၍ ငြိမ်သက်သွား၏။

လူသတ်သမားက အေးဆေးစွာပင် လှေကားမှ ဆင်းလာကာ မြသီးကို ခွကျော်ပြီး အိမ်ပြင်သို့ထွက်သွားသည် ။

အပြင်မှာ နှင်းတို့ ပိတ်ဖုံးနေ၍ ညက ပို၍ နက်ရှိုင်းနေ၏။

*

## အမှုစစ်ရဲအရာရှိ ရဲအုပ်ဝေသော၏ ပြောပြချက်

"သတင်းပေးတိုင်ကြားသူက မြသီးပဲ။ မိုးလင်းမှ ပေါ့ဟာ။ မြသီးက အရက်ရှိန်နဲ့ လူသတ်သမားရဲ့ လက်သီးရှိန်နဲ့ လှေကားက လိမ့်ကျတဲ့ အရှိန်နဲ့ ပေါင်းပြီး မေ့နေတာ။ မိုးလင်းလာမှ အပေါ်ထပ်တက်ကြည့်တော့ သူ့ဆရာ။ သူ့သခင် ဦးဘပွား ဓားဒဏ်ရာနဲ့ သေနေတာ တွေ့ရလို့ ရဲစခန်းကို ပြေး လာပြီ တိုင်တာပဲ။

မြသီး ဦးဘပွားအလောင်းကို တွေ့ချိန်မှာ ဖြူပြာက မရှိတော့ဘူး။ ဖြူပြာက မေ့နေရာက သတိပြန်ရကာ အရင်ဖြစ်မယ်။ သတိရတော့ ဦးဘပွားသေဆုံးနေတာ တွေ့ရမယ်။ ဒါကြောင့် ကြောက်ပြီး ဆင်းပြေးပုံရတယ်။ မရှိတော့ဘူး။

ငါတို့ လည်း အချင်းဖြစ် ဦးဘပွားအိမ်ကို လိုက်သွားပြီး စစ်ဆေးစရာရှိတာတွေ စစ်ဆေး၊ ဓာတ်ပုံရိုက်စရာရှိတာ ရိုက်၊ သဲလွန်စရှာစရာရှိကာ ရှာ၊ လုပ်ရတာပေ့ါ။ အဲဒီမနက်မှာ ပဲ ဘုရားဖူးသွားရာကနေ ဦးဘပွားရဲ့ ဇနီး ဒေါ်စိန်မြနဲ့ သားသမီးတွေ ပြန်ရောက်လာကြတယ်။"

ဒီနေရာမှာ ထူးခြားချက်တွေ တွေ့ရတယ်။

နံပါတ်တစ်က လက်ဗွေရာနဲ့ သဲလွန်စ ဘာမှ မရဘူး။

နံပါတ်နှစ်က ဦးဘပွားအိမ်က ပိုင်ဆိုင်တဲ့ ရွှေငွေပစ္စည်း ဘာမှ မပျောက်ဆုံးဘူး။

နံပါတ်သုံးက နံရံမှာ ဦးဘပွားရဲ့ သွေးနဲ့ "လောဘ" ဆိုတဲ့ စကားကို ရေးခဲ့တာပါ။

ဒါတွေကို ပေါင်းပြီး ကောက်ချက်အကြမ်းဖျင်း ဆွဲကြည့်လိုက်တော့ လူသတ်သမားဟာ ပြစ်မှုကျူးလွန်မှုနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိပုံရတယ်ဆိုတာရယ်၊ ရွှေငွေပစ္စည်းလိုချင်လို့ ဦးဘပွားကို သတ်တာ မဟုတ်ဘူး ဆိုတာရယ်၊ မကျေနပ်ချက်တစ်ခုခု၊ အငြိုးအာဃာတ တစ်ခုခုကြောင့် သတ်ခြင်းဖြစ်တယ်ဆိုတာရယ် ထွက်လာတယ်။

မှူခင်းဆရာဝန်ကြီးရဲ့ ဆေးစစ်ချက်မှာ တော့ ဓားဒဏ်ရာနှစ်ချက်ကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်းနဲ့ သေဆုံးချိန်က ညဆယ့်နှစ်နာရီခွဲနဲ့ နှစ်နာရီကြား ဖြစ်နိုင်တယ်လို့ ဖော်ပြထားတယ်။

ဒါနဲ့ ပတ်သက်ပြီး စောစောက နင့်ကို ပြောပြခဲ့တဲ့ ဇာတ်လမ်းကို ပြန်စဉ်းစားရအောင်။ အဲဒီ ဇာတ်လမ်းဟာ မျက်မြင်ကိုယ်တွေ့ မဟုတ်ဘဲ ငါတွေးထားတဲ့ ဇာတ်လမ်းဖြစ်စဉ်ပဲ။ အဲဒီလို တွေးထားတဲ့ ဇာတ်လမ်းဖြစ်အောင် သက်သေတွေရဲ့ ထွက်ချက်အပေါ် မူတည်ပြီး စဉ်းစားရတာပေါ့ဟာ။

မေစံရှား..

နင်လည်း အကျိုးဆောင်ရှေ့နေတစ်ယောက်အနေနဲ့ ရော၊ စုံထောက်တစ်ယောက်လို လိုက်ခဲ့တဲ့ အတွေ့အကြုံတွေအရရော၊ လူသတ်မှုတွေ အများကြီး ကြုံခဲ့ဖူးတာပဲ။ ငါတို့ က တွေ့ရှိရတဲ့ အကြောင်းအချက်တွေအပေါ်မှာ ဖြစ်စဉ်ကို ရေးဆွဲကြည့်ရတယ်။ ပြီးတော့ ပြန်ပြီးချိန်ဆရတယ်။

လောလောဆယ်မှာ တရားခံကို ဘယ်သူပါလို့ အတိအကျ မဆိုနိုင်သေးဘူး။ အားလုံးကို ထည့်သွင်းစဉ်းစားရမှာ ဆိုတော့ ဦးဘပွားနဲ့ ပတ်သက်သမျှသူတွေကို ငါတို့ လေ့လာစောင့်ကြည့်နေတုန်းပဲ။

ဒီအမှုမှာ ..

မြသီးကိုရော သံသယဖြစ်စရာ မရှိဘူးလား။

ဖြူပြာကိုရော သံသယဖြစ်စရာ မရှိဘူးလား။

ဦးဘပွားရဲ့ မယားငယ် (တရားမဝင်ယူထားလို့ မယားငယ်ပြောရတာတဲ့ မကေသီလှိုင်ကိုရော သံသယဖြစ်စရာ မရှိဘူးလား။

မကေသီလှိုင်နဲ့ ပတ်သက်လာလို့ ဒေါ်စိန်မြကပဲ တစ်ဖက်လှည့်နဲ့ လူငှားပြီး သူ့ယောက်ျားကို ရှင်းခိုင်းတာလို့ ရော သံသယဖြစ်စရာ မရှိဘူးလား။

ဦးဘပွားနဲ့ လုပ်ငန်းချင်းပြိုင်ဘက်ဖြစ်ပြီး မကြာခင်တုန်းကမှ အမှုဖြစ်လို့ တရားရုံးရောက်ခဲ့ရတဲ့ ဦးသောင်းဌေးကိုရော သံသယဖြစ်စရာ မရှိဘူးလား။

တွေးစရာတွေကတော့ အများကြီးပဲ။

ငါတော့ ခေါင်းခြောက်နေတယ်။ ဒါကြောင့် မြို့ကို အလည်အပတ်ပြန်လာတုန်း၊ တိုက်တိုက်ဆိုင်ဆိုင်ပေါ်လာတဲ့ ဒီလူသတ်မှုမှာ နင့်အတွေ့အကြုံနဲ့ ငါ့ကို အကြံဉာဏ်လေးဘာလေး ပေးစေချင်တာပဲ။

အခု ငါတို့ စစ်မေးထားတဲ့ လူတွေရဲ့ ထွက်ချက်တွေကို နင်လေ့လာကြည့်ချင်ရင် လေ့လာကြည့်လို့ ရတယ်။

ဒီအမှုဟာ နက်နေတာတော့ အမှန်ပဲ။ ငါတို့ မြို့မှာ အရင်က လူသတ်

မှုတွေ ဖြစ်ခဲ့ဖူးပေမယ့် အရက်မူးရင်းဖြစ်တာတို့ ၊ ငွေကြေးကိစ္စ အငြင်းပွားရင်း ဖြစ်တာတို့ စတဲ့ ရိုးရိုးရှင်းရှင်းပြစ်မှုတွေ များ တယ်။ လူသက်သေ၊ ပစ္စည်းသက်သေတွေရတော့ လိုက်ရတာ ရှင်းတယ်။ တချို့အမှုတွေကို ငါ ရက်ပိုင်းနဲ့ တောင် ဖော်နိုင်ခဲ့တယ်။

အခု ဒီအမှုကျတော့ လူသက်သေမရ၊ သက်မဲ့သက်သေလည်း မရ ဖြစ်နေတယ်။

(ထိုအချိန်တွင် ရဲသားလေးနှစ်ဦးက စခန်းသန့်ရှင်းရေးနှင့် ပတ်သက်၍ စကားထများကြရာ ရဲအုပ်ဝေသော ဒေါပွ၍ နှစ်ဦးစလုံးအား ပြင်းထန်စွာ ကြိမ်းမောင်းလိုက်သည် ။)

*

## မြသီး၏ ထွက်ဆိုချက်

ကျွန်တော် ဦးဘပွားဆီမှာ အလုပ်လုပ်တာ ဆယ်နှစ်ကျော်ပါပြီ။ ဦးဘပွားစေခိုင်းသမျှ အလုပ်တွေကို ကျွန်တော် ကျေကျေပွန်ပွန် ရိုးရိုးသားသား၊ လုပ်ခဲ့တာကြောင့် ဦးဘပွားက ကျွန်တော့်ကို ယုံကြည်ပြီး လက်ရုံးတစ်ဆူလို အားကိုးခံရပါတယ်။

ဒေါ်စိန်မြနဲ့ သမီးကြီးရယ်၊ သားငယ်ရယ် သုံးယောက်က အခင်းမဖြစ်မီ သုံးရက်က ဘုရားဖူးထွက်သွားတာပါ။ ဒေါ်စိန်မြ မရှိတော့ အိမ်မှာ ကျွန်တော်တို့ ဆရာတပည့်ပဲ ကျန်ပါတယ်။

အဲဒီညကတော့ ဆရာက အဖော်ရှာခိုင်းတာနဲ့ ကျွန်တော်က ဖြူပြာကို လိုက်ရှာပြီး ခေါ်လာပေးတာပါ။ ဖြူပြာကို ကျွန်တော်ကောင်းကောင်း သိပါတယ်။ ဒီကောင်မလေးကို ဒီအရင် နှစ်ကြိမ်လောက် ဆရာ ဦးဘပွားကို ခေါ်ပေးဖူးပါတယ်။ ဆရာ ဦးဘပွား

ကလည်း တခြားမိန်းကလေးတွေထက် ဖြူပြာကို သဘောကျပါတယ်။ ဒါကြောင့် ဖြူပြာကို ခေါ်တာပါ။

ခုတစ်လော မကေသီလှိုင်အိမ်ဘက်ကို ဆရာ ဦးဘပွား ခြေဦးမလှည့်ပါဘူး။ အဲဒါက ကျွန်တော်သိရသလောက် မကေသီလှိုင်ကို ဆရာ ဦးဘပွား နည်းနည်းမကျေမနပ် ဖြစ်နေလို့ ပါ။ မကေသီလှိုင်နဲ့ ဦးဘပွား စကားများ ခဲ့ကြတာ ကျွန်တော်ကြားရလို့ သိရတာပါ။

ကျွန်တော် ဖြူပြာကို ခေါ်လာတော့ ည (၈) နာရီလောက်ရှိပါပြီ။ ဆရာ ဦးဘပွားအခန်းထဲသို့ ပို့ပေးပြီး ဆရာ ဦးဘပွားမှာ လို့ ခေါက်ဆွဲကြော်နဲ့ အရက်ဝယ်ပြီး ပြင်ဆင်ပေးရပါသေးတယ်။ အဲဒီနောက်မှာ တော့ ကျွန်တော်က အောက်ထပ်ပြန်ဆင်းပြီး အရက်သောက်နေခဲ့တာပါ။

ပုံမှန် ဆိုရင်တော့ ကျွန်တော်က ဦးဘပွားအိမ်မှာ အိပ်လေ့မရှိပါဘူး။ အခုက ဆရာကတော်တို့ မိသားစုမရှိလို့ ဆရာ ဦးဘပွားအဖော်ရအောင် ဆိုပြီး စောင့်အိပ်ပေးတာပါ။

ကျွန်တော်လည်း သောက်ရင်းသောက်ရင်း မူးလာလို့ အိပ်ပျော်သွားပါတယ်။ ကျွန်တော် အိပ်ပျော်ချိန်ကတော့ ဆယ့်တစ်နာရီလောက် ဖြစ်မယ် ထင်ပါတယ်။ ဆရာ ဦးဘပွားပြန်လွှတ်ရင် ဖြူပြာထပြန်နိုင်အောင် ဆိုပြီး ကျွန်တော်က အောက်ထပ်တံခါးကို မပိတ်ဘဲ စေ့ရုံစေ့ထားခဲ့မိပါတယ်။ ဒါကြောင့် လူသတ်သမားက အလွယ်တကူဝင်နိုင်သွားတာ ဖြစ်ပါတယ်။

ကျွန်တော် အသံဗလံတချို့ကြောင့် အိပ်ပျော်ရာမှ နိုးလာပါတယ်။ အချိန်အတိအကျတော့ မသိပါ။ အပေါ်ထပ်က အသံတွေဖြစ်တာကြောင့် နားစွင့်လိုက်တဲ့ အခါ အော်သံလိုလို၊ ညည်းသံလိုလို ဖြစ်နေတာကြောင့်

စိတ်ပူပြီး အပေါ်ထပ်ကို ပြေးတက်သွားပါတယ်။ ဒါပေမဲ့ အရက်ရှိန်ကရှိနေတော့ လူက သိတဲ့ အတိုင်းပေါ့။ လှေကားထိပ်လည်း ရောက်ရော ဖြန်းဆို အနက်ရောင်ဝတ်စုံနဲ့ လူသတ်သမား ပေါ် လာပြီး ကျွန်တော့်ကို လက်သီးနဲ့ ထိုးလိုက်တာ မျက်လုံးထဲ မီးပွင့်သွားပြီး ကျွန်တော် လှေကားကနေ လိမ့်ကျသွားတော့တာပါပဲ။ သတိလည်း မေ့သွားပါတယ်။

ကျွန်တော် သတိရလာတော့ မိုးလင်းနေပါပြီ။ အဲဒါနဲ့ ဆရာဦးဘပွားအခန်းကို တက်ကြည့်တော့ ဆရာ ဦးဘပွား သေဆုံးနေတာကို တွေ့ရလို့ ကျွန်တော်လည်း လန့်ပြီး ရဲစခန်းကို ပြေးလာတိုင်တာပါပဲခင်ဗျာ။

လူသတ်သမားဟာ အနက်ရောင်ခေါင်းစွပ်ကြီးနဲ့ ဆိုတော့ ဘယ်သူဘယ်ဝါ မသိနိုင်ပါဘူး။ အရပ်အမောင်းကတော့ ကျွန်တော့်လောက်ပါပဲ။ ကျွန်တော်က အရပ်ငါးပေလေးလက်မပါ။

ဆရာ ဦးဘပွားနဲ့ လောလောဆယ် ပြဿနာဖြစ်ဖူးတာကတော့ ဦးသောင်းဌေးပဲ ရှိပါတယ်။ တခြားလည်း ရှိချင်ရှိနိုင်ပါတယ်။ စီပွားရေးသမားဆိုတော့ လူမျိုးစုံနဲ့ ပေါင်းသင်းဆက်ဆံနေရတာမဟုတ်လား။

ဒေါ်စိန်မြကတော့ ဆရာ ဦးဘပွားအပေါ်မှာ ကောင်းတယ်လို့ ကျွန်တော်မြင်တာပဲ။ မကေသီလှိုင်ကိစ္စကိုသိလို့ အစောပိုင်းမှာ ပူညံပူညံဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာ မပြောတော့ပါဘူး။ ဒါကလည်း ဆရာကတော်က ဆရာ ဦးဘပွားအပေါ်မှာ မှီခိုနေရတာကြောင့်လို့ ပဲ ထင်ပါတယ်။

*

**ဖြူပြာ၏ ထွက်ဆိုချက်**

ကျွန်မနာမည်အပြည့်အစုံက ဖြူပြာခင်ပါ။

အဲဒီညက ကြယ်ရောင်စားသောက်ဆိုင်မှာ ရှိနေတုန်း ကိုမြသီးရောက် လာပြီး ခေါ်ပါတယ်။ သူ့ဆရာက အခေါ်ခိုင်းတာပါ။ ဦးဘပွားနဲ့ ကျွန်မ ဆုံဖူးပါတယ်။ နှစ်ခါပါ...။ အခုက သုံးကြိမ်မြောက်ပါ။

ကျွန်မ ဦးဘပွားအိမ်ရောက်သွားတော့ ည(၈)နာရီထိုးဖို့ ငါးမိနစ် လောက်ပဲ လိုပါတော့တယ်။ ကျွန်မမှာ နာရီပါလို့ ပါ။ ဦးဘပွား အိပ်ခန်း ထဲရောက်မှ ဦးဘပွားက ကိုမြသီးကို ခေါက်ဆွဲကြော်နဲ့ အရက်ဝယ်ခိုင်း လို့ ကိုမြသီး အပြင်ထွက်ဝယ်ရပါသေးတယ်။

သီချင်းနားထောင်ရင်း ကျွန်မက ခေါက်ဆွဲစား၊ ဦးဘပွားက အရက် သောက်ပါတယ်။ အရက်က သိပ်အများကြီး မဟုတ်ပါဘူး။ နောက် တော့ ဦးဘပွားက အိပ်ကြမယ် ပြောပါတယ်။

ကျွန်မတို့ အိပ်ပျော်သွားပါသေးတယ်။ ပြန်နိုးလာမှာ ဦးဘပွားက ကျွ န်မကိုဖက်ပြီး စကားပြောပါတယ်။ ပြီးတော့ ...ဟို..ဟိုဒင်းပေါ့ရှင်။ အဲဒီ အချိန်ကိုတော့ ကျွန်မ မသိပါဘူး။ နာရီက ချွတ်ထားလို့ ပါ။ တံခါးက ကျွန်မတို့ ပိတ်ဖို့ မေ့နေခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ ရယ်သံကြားမှ ကျွန်မ တို့ လန့်သွားပြီး အခန်းထဲကို လူစိမ်းရောက်နေကြောင်း သိရတာပါ။ ကျွ န်မ ကြောက်လိုက်တာ မပြောပါနဲ့ တော့။

လူက တစ်ကိုယ်လုံး အနက်တွေချည်းပါပဲ။ အခန်းထဲမှာ က မီးရော င်မှိန်မှိန်လေး ထွန်းထားပါတယ်။ ကျွန်မက ကြောက်ပြီး ခုတင်ပေါ်က နေ ဆင်းအပြေးမှာ ဆံပင်ကို ဆောင့်ဆွဲတာ ခံလိုက်ရပါတယ်။ ပြီးတော့ ကျွန်မ နားရင်းဆီမှာ ဖျန်းခနဲအရိုက်ခံလိုက်ရပြီး မျက်လုံးထဲမှာ ကြယ် တွေ၊ လတွေ မြင်သွားတော့တာပါပဲ။ အဲဒီတစ်ချက်တည်းနဲ့ ကျွန်မ သ တိမေ့သွားတာပါ။

ကျွန်မသတိပြန်ရလာတော့ ဦးဘပွားက သူ့ခုတင်ပေါ်မှာ သွေးအလိ

မ်းလိမ်းနဲ့ ပါ။ သေနေပြီ ထင်ထာပါပဲ။ ကြည့်လည်း သေသေချာချာ မကြည့်ရဲပါဘူး။ သေ၊ မသေ စမ်းကြည့်ဖို့ တော့ ဝေးပ့ါရှင်။ ကျွန်မလည်း အဝတ်အစားတွေ ကပျာကယာပြန်ဝတ်ပြီး အခန်းထဲက ပြေးထွက်ခဲ့တာပါပဲ။

အောက်ထပ်လှေကားရင်းမှာ ကိုမြသီးလဲနေတာ တွေ့ရပါတယ်။ လူသတ်သမားလက်ချက်ကြောင့်ပဲလို့ ထင်ပါတယ်။

ကျွန်မ အိမ်ရောက်တဲ့ အထိ ပြန်ပြေးလာတာပါ။

အိမ်ရောက်မှာ နာရီကြည့်တော့ လေးနာရီမထိုးသေးတာ တွေ့ရပါတယ်။

အင်္ကျီက အနက်၊ ဘောင်းဘီက အနက်အပြင် ခေါင်းစွပ်အနက်ကြီးပါ စွပ်ထားလို့ အဲဒီလူကို ဘယ်သူဘယ်ဝါလို့ ကျွန်မ မသိပါဘူး။ ကျွန်မကလည်း ကြောက်လန့်နေတာမို့ ထူးထူးခြားခြား သတိမထားလိုက်မိပါဘူး။ အရပ်အမောင်းကလည်း သိပ်အရှည်ကြီးတော့ မဟုတ်ပါဘူး။ ဦးဘပွားတို့ ၊ ကိုမြသီးတို့ လောက်ပါပဲ။

ရယ်သံနဲ့ စကားပြောသံ ကြားလိုက်ရပါတယ်။ ကြားလိုက်ရတာကလည်း ကျွန်မတို့ က ကိုယ့်အာရုံနဲ့ ကိုယ် နစ်နေချိန်ဖြစ်တာကလည်း တစ်ကြောင်း၊ သူ့အသံကြီးကလည်း ဖျက်ပြောတဲ့ ပုံစံကြီးမျိုး ဖြစ်တာကလည်း တစ်ကြောင်းမို့ ဘယ်သူဘယ်ဝါအသံလို့ မပြောနိုင်ပါဘူး။ ယောကျ်ားတော့ ယောကျ်ားသံပါ။ ဒီအသံမျိုး၊ အရင်ကလည်း တစ်ခါမှ မကြားဖူးဘူး၊ ထင်ပါတယ်။

ကျွန်မက ဦးဘပွားနဲ့ အခြားဘာမှ မပတ်သက်ပါဘူး။ ကိုမြသီးနဲ့ ကလည်း ၊ လူချင်းသိရုံပါပဲ။ အဲဒီလူသတ်သမားနဲ့ ကျွန်မက ဘာမှ မဆိုင်ပါဘူး။ သူ့ကို သိလည်း မသိပါဘူး။

ကိုသိန်းဆောင်ကို သိပါတယ်။ မရင်းနှီးပါ။ မကေသီလှိုင်တို့ အကြောင်းကိုတော့ မကြားဖူးပါ။ ကိုသိန်းဆောင်အရပ်က ကိုမြသီး လောက်ပဲ ထင်ပါတယ်။

ကျွန်မ ဦးဘပွားသေဆုံးရတဲ့ အကြောင်း ဘာမှ မသိပါဘူးရှင်။ ကျွန်မက ပဲလှော်ကြား ဆားညှပ်သလို ပါလာရတာပါ။

*

## ဒေါ်စိန်မြ၏ ထွက်ဆိုချက်

ဦးဘပွားနဲ့ ကျွန်မပေါင်းသင်းလာတာ နှစ်သုံးဆယ်ကျော်ပါပြီ။ သမီး တစ်ယောက်၊ သားတစ်ယောက် ထွန်းကားခဲ့ပါတယ်။

လင်မယားဆိုတော့ လျှာနဲ့ သွားလိုပါပဲ။ အဆင်မပြေတာလေးတွေ တော့ ရှိပါတယ်။ စီးပွားရေးမှာ စိတ်မညစ်ရပေမယ့် လူမှုရေးမှာ တော့ စိတ်ညစ်ရပါတယ်။ ဦးဘပွားက နည်းနည်းရှုပ်ပါတယ်။ ကျွန်မအပြင် တခြားမှာ အငယ်အနှောင်းတွေ ထားပါတယ်။ မကေသီလှိုင်ရဲ့ အရင် နှစ်ယောက်ရှိဖူးပါသေးတယ်။ ကေသီလှိုင်က နောက်ဆုံးပါ။

ကေသီလှိုင်နဲ့ ပတ်သက်လို့ ကျွန်မနဲ့ ဦးဘပွား စကားများ ခဲ့ဖူးပါတယ်။ ကျွန်မက မကျေနပ်လို့ ပါ။ ဘယ်မယားကြီးက သူ့လင် နောက် မယားငယ်ယူတာကို ကျေနပ်ပါမလဲရှင်။ ဒါ...သဘာဝပါ။ ဒါပေမယ့် ပြောမရတဲ့ အဆုံး ကျွန်မကပဲ လက်လျှော့ပေးလိုက်ရပါတယ်။

ဘုရားဖူးကတော့ သွားဖို့ စီစဉ်တာ ကြာပါပြီ။ ခုမှ အဖော်ကောင်းတာနဲ့ သွားဖြစ်ကြတာပါ။ ပြန်ရောက်မှ အဖြစ်ဆိုးကြီးကို တွေ့ရတာပါပဲ။

ကျွန်မ ဘယ်သူကိုမှ မသင်္ကာမဖြစ်ပါ။ အကြောင်းရှိလို့ အကျိုးပေါ်

လာတာပါ။ မလိုလားသူ တစ်ဦးဦး လက်ချက်ပဲလို့ ထင်ပါတယ်။

"လောဘ" ဆိုတဲ့ စကားလုံးကတော့ ဦးဘပွားကို ပြောချင်တာ နေမှာ ပါပဲ။ သူက လောဘအင်မတန်ကြီးတဲ့ သူပါ။ ငွေကို အရမ်းခုံမင်တဲ့ သူပါ။ ငွေရဖို့ ဆိုရင် ဘနဖူး သိုက်တူးဖို့ ဝန်မလေးတဲ့ သူပါပဲ။ ဒါက အမှုမှန်ပေါ်အောင် ဖော်ထုတ်နိုင်ဖို့ ကျွန်မ အမှန်ကို ပြောတာပါ။ သူ့မှာ ငွေဘယ်လောက်ရှိရှိ နောက်ထပ်ရဖို့ ဆိုရင် ဝန်မလေးတဲ့ သူပါ။ ကုန်ကုန်ပြောမယ်ရှင်...။ နှမရမယ့် အမွေကိုတောင် မောင်ပိုင်စီးခဲ့သူပါ။ သူ့နှမကတော့ မရှိရှာတော့ပါဘူး။

ဒါကြောင့် လောဘဆိုတာ ဦးဘပွားကို ရည်ညွှန်းပြီး ရေးခဲ့တာဖြစ်မှာ ပါပဲ။ ဦးဘပွားရဲ့ လောဘကြောင့် မကျေမနပ်ခံစားရသူ တစ်ယောက်ယောက်ယောက်လက်ချက်ပဲ နေမှာ ပါ။

*

## မကေသီလှိုင်၏ ထွက်ဆိုချက်

ကျွန်မ ကေသီလှိုင်ပါ။

ဦးဘပွားနဲ့ ကျွန်မ ပေါင်းသင်းနေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဦးဘပွားကို ကျွန်မကို တရားဝင်လက်ထပ်ယူထားတာ မဟုတ်ပါဘူး။ ကျွန်မက တရားဝင်လက်ထပ်ယူဖို့ ပြောတော့ သူက လက်မခံပါဘူး။ ငွေကြေးထောက်ပံ့မှုတော့ ပေးပါတယ်။

ခုတစ်လော ကျွန်မဆီမလာတာ ကြာပါပြီ။

ကိုသိန်းဆောင်နဲ့ မပတ်သက်ပါဘူး။ ကိုသိန်းဆောင်နဲ့ ကျွန်မကို ဦးဘပွား အထင်လွဲတာပါ။ ကိုသိန်းဆောင်နဲ့ ကျွန်မက အရင်က ချစ်သူရည်းစားဖြစ်ခဲ့ဖူးတာ မှန်ပါတယ်။ ယခု ဘာမှ မပတ်သက်ပါ။ မိတ်ဆွေလို

ဆက်ဆံမှုတော့ ရှိပါတယ်။ အဲဒါကိုပဲ ဦးဘပွားက အထင်လွဲခဲ့တာပါ။

ဦးဘပွားနဲ့ ကိုသိန်းဆောင် ပြဿနာမဖြစ်ဖူးပါဘူး။ သူတို့ ထိပ်တိုက် မတွေ့ဖူးပါဘူး။

ကျွန်မက ဦးဘပွားကို မုန်းစရာမရှိပါ။ ယခုလို ဖြစ်သွားတဲ့ အတွက် စိတ်မကောင်းဖြစ်ရပါတယ်။

*

## သိန်းဆောင်၏ ထွက်ဆိုချက်

မကေသီလှိုင်နဲ့ ကျွန်တော် ချစ်သူဖြစ်ခဲ့ဖူးကာ မှန်ပါတယ်။ ကျွန်တော် ကေသီလှိုင်ကို လက်ထပ်ဖို့ ငွေလိုတာနဲ့ ဖားကန့်ဘက် လိုက်သွားပါတယ်။ ကျွန်တော် ပြန်လာတော့ ကေသီလှိုင်ကို ဦးဘပွားယူထားတာ တွေ့ရပါတယ်။

မကျေနပ်တာတော့ အမှန်ပါပဲ။ ကေသီလှိုင်ကို တရားဝင်ယူပြီး တင့်တောင့်တင့်တယ်ထားရင် ကျွန်တော်ခံနိုင်ပါတယ်။ အခုဟာက တရားမဝင် တိတ်တိတ်ပုန်းယူထားတာပါ။ ကေသီလှိုင်က ဦးဘပွားကို ပေးစရာ အကြွေးတွေရှိတာနဲ့ ဦးဘပွားကို လက်ခံပြီး ယူလိုက်ရတာပါ။

ကျွန်တော် ဦးဘပွားကို ကိုယ်တိုင် သတ်ချင်တာပါ။ အခု ကျွန်တော် မသတ်လိုက်ရတာ နာတာပါပဲ။

ဒီအတ္တသမားကြီး အသတ်ခံရတာ နည်းပါသေးတယ်။ တကယ်..ပါ။ အခုအချိန်မှာ သူမသေရင် တစ်နေ့နေ့မှာ ကျွန်တော် သူ့ကို သတ်မှာ ပါ။

အဲဒီညက ကျွန်တော် တရားသူကြီး ဦးအောင်မော်ရဲ့ အလှူအတွက် ညအိပ်ပြီး ချက်ပြုတ်နေတာပါ။ ဦးအောင်မော်ကို မေးကြည့်ရင် သိနိုင်ပါတယ်။ တစ်ညလုံး အဲဒီအိမ်မှာ ရှိပါတယ်။ ကျွန်တော်နဲ့ အတူရှိ

နေတာ သုံးလေးယောက်ပါပဲ။ ဦးအောင်မော်ရဲ့ တူ၊ တူမတွေနဲ့ ပါ။

*

## ၂။ ရှဲဒိုး..ဘယ်သူလဲ

"ချုပ်.."

ချုပ်ခနဲ အသံတစ်ခု။

အသံက တိုးသည် ။ လျှို့ဝှက်မှု လက္ခဏာရှိသည် ။ သို့သော် အကြား အာရုံထက်မြက်သော မေစံရှားက ကောင်းစွာသတိပြုမိလိုက်သည် ။ မေစံရှား၊ အာရုံတွေ စုစည်းမိပြီး ဖြစ်သွားသည် ။ နိုးကြားလှုပ်ရှားသွား၏။

ဆတ်ခနဲ ခေါင်းကို ငဲ့လိုက်သည် ။ အကြည့်က ဝေ့ခနဲမျှဖြစ်သော်လည်း အမြင့်အလျားကျယ်၏။ မျက်လုံးထောင့်စွန်းမှာ ရိပ်ခနဲ လှုပ်ရှားမှု တစ်ခုကို မြင်လိုက်သည် ။

တိရစ္ဆာန်လား၊ လူလားမှု မသဲကွဲ၊ သစ်ပင်ကြီးများ ၏ အောက် ချုံနွယ်ပိတ်ပေါင်းများ အနောက်မှာ ပျောက်သွားသည် ။

" လာလေ၊ သမီး ဘာဖြစ်လို့ ရပ်နေတာလဲ"

ရှေ့သို့ ကျော်သွားပြီဖြစ်သော ဒေါ်လေးကြင်ကြင်က ရပ်၍ ပြန်လှည့် စောင့်နေသည် ။

"ဘာမှ မဖြစ်ပါဘူး၊ ဒေါ်လေးရဲ့ ။ ခြေထောက်က ငုတ်တစ်ခုကို တိုက်မိလို့ နည်းနည်းနာသွားလို့ ပါ"

အဆင်ပြေမည့်စကားကို မေစံရှားရွေးပြောသည် ။ ဒေါ်လေးကြင်ကြင်ကို စိတ်မပူစေလို၍ ပါ။

"အဲဒါကြောင့် ဒေါ်လေးပြောသားပဲ မြင်းလှည်းငှားလာမယ်လို့ ဆိုတာ၊ ညည်းပဲ လမ်းလျှောက်သွားချင်တယ်ဆို။ ခုတော့ ဒေါ်လေးက ဘာမှ မဖြစ်ရဘူး"

ဒေါ်လေးကြင်ကြင်၏ ကရုဏာဒေါသောစကား။

"မဝေးတော့ပါဘူး၊ မမလေးရယ်၊ ရှေ့မှာ မြင်နေရပါပြီ၊ ကွေ့လေးတစ်ကွေ့နှစ်ကွေ့ချိုးလိုက်ရင် ရောက်ပါပြီ"

အဖော်အဖြစ်လိုက်ပါလာခဲ့သော မောင်ဝမ်းကွဲလေး ဖိုးခွားက ဒေါ်လေးကြင်ကြင်ဘေးမှ လှည့်ပြောကာ ရှေ့သို့ဆက်၍ သွားသည် ။

မေစံရှား ခြေလှမ်းတွေ ပြန်စလိုက်သည် ။

စိတ်ထဲမှာ မူ အတွေးဝေစည်နေ၏။

တိရစ္ဆာန်ဆိုလျှင် ချုံတောထဲထိုးသွားသံ ဆက်၍ ကြားရနိုင်သည် ။ ယခုမူ ရိပ်ခနဲပျောက်သည် နှင့် အသံက တိတ်သွားသည် ။ လူဖြစ်ဖို့ များသည် ။

မည်သူနည်း..။

ယောကျ်ားလား...၊ မိန်းမလား...၊ လူကောင်းလား..၊ လူဆိုးလား...။

လူကောင်းဆိုလျှင် ပုန်းလျှိုးကွယ်လျှိုး လုပ်စရာမလို။ သို့ဖြစ်လျှင် လူဆိုးတစ်ဦးဦး ဖြစ်နိုင်သည် ။ သို့မဟုတ် မိမိကို အန္တရာယ်ပြုလိုသူတစ်ဦးဦးပေလား။

သည် မှာ တော့ မေစံရှားကို အန္တရာယ်ပြုမည့်သူမရှိဟု ထင်သည် ။ သည် မြို့က မေစံရှား၏ ဇာတိမြို့။ ဆွေတွေမျိုးတွေ၊ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေပဲ ရှိသည် ။ ချစ်သူခင်သူတွေပဲ ရှိသည် ။ မချစ်သူ၊ မခင်သူ၊ မု

န်းသူ၊ မျက်သူ မရှိ။

သို့ဖြစ်လျှင် မည်သူနည်း..။

မိမိနောက် ရှဲဒိုး လိုက်လေသလား။

ကိုကို(ကိုနေသော်)ကို မေစံရှား ဖျတ်ခနဲ သတိရလိုက်သည် ။ ကိုကို ပါလာလျှင် မေစံရှားအဖို့ အဖော်ရမည်။ အားကိုးနိုင်မည်။ တိုင်ပင်နိုင်မည်။ ယခုတော့ မေစံရှားတစ်ကိုယ်တော်။

တစ်ယောက်တည်းပေမည့်လည်း မေစံရှားတွင် ကြောက်ရွံ့စိတ်တော့ မရှိပါ။ တစ်ကောင်တည်း ခြင်္သေ့ပါပဲ။ ရိုးသားဖြောင့်မတ်စွာ နေထိုင်သူတစ်ဦးအဖို့ လောကတွင် မည်သူ့ကိုမျှ ကြောက်စရာ အကြောင်း မရှိပါ။

“ကိုကိုစိတ်မချဘူး ရှားရယ်…”

ကိုကိုစကားသံကို နားမှ ကြားယောင်ပြီး ပြုံးမိသွား၏။

“လိုက်ခဲ့ပါဆိုတော့ မလိုက်ဘဲနဲ့ ”

“လိုက်ချင်တာပေါ့ ရှားရယ်၊ ရှားနဲ့ ဆို လကမ္ဘာတောင် သွားချင်တာ ဂြိုလ်တုမစီးရဲလို့ သာ”

“ပြောပြီ မဟုတ်တာတွေ..”

“တကယ်ပါ..။ ရှားနဲ့ လိုက်ဖို့ ကိုကို ဆုံးဖြတ်ထားတာပါ။ လိုက်မယ်လို့ လည်း ရှားကိုကတိပေးထားတာပဲဟာ။ ခုဟာက မမျှော်လင့်ဘဲ အလုပ်က ပေါ်လာလို့ ..”

သည် ခရီးကို လိုက်လာဖို့ မူလက အစီအစဉ်ရှိသည် မှာ အမှန်ပင် ဖြစ်၏။ အလုပ်များ အားလပ်ခိုက်လည်း ဖြစ်၍ မြို့ပြန်ကာ မိဘများ နှင့်

ဆရာများကို ကန်တော့ချင်သည် ဟု မေစံရှားကပြောတော့ ကိုကိုက” လိုက်မယ်” ဟု ချက်ချင်းဆန္ဒပြခဲ့သည် သာ ဖြစ်၏။

“ယောက္ခမကြီးတွေနဲ့ မတွေ့ရတာလည်း ကြာပြီလေ” ဟု ပင်အရွှန်း ဖောက်သေးသည် ။

“ဘာယောက္ခမလဲ..။ ရှားနဲ့ ကိုကိုမှ လက်မထပ်ရသေးတာ”

“ဘာထူးလဲ ရှားရယ်။ လက်ထပ်ပြီးရင် ယောက္ခမဖြစ်မှာ ပဲဟာ”

“အခု မဖြစ်သေးဘူးလေ”

“ကိုကို စိတ်ထဲမှာ တော့ ဖြစ်နေတာကြာပြီ။ ဟိုက ယောက္ခမ၊ ဒီက ဇနီးချောလေး”

“စိတ်ကူးတွေ ယဉ်နေလိုက်တာ..။ စာရေးဆရာလို့ မပြောရဘူး”

“ကိုကိုတို့ က ချစ်သက်တမ်း သုံးနှစ်သုံးမိုး မကတော့ဘူးလေ။ ငါးနှစ်ငါးမိုးထဲ ရောက်တော့မယ်။ အဖေတို့ ၊ အမေတို့ ကလည်း ယူတော့လို့ ပြောနေပြီ၊ ယောက္ခမကြီးတွေကလည်း ယူပါလို့ ပြောနေပြီ ရှားကြောင့် သာ ကိုကိုက စောင့်နေရတာ”

“အားနာပါတယ် ကိုကိုရယ်၊ နီးတော့ နီးလာပါပြီ”

“ကိုကိုကတော့ စောင့်မှာ ပါပဲ။ ဒါပေမဲ့ ယောက္ခကြီးတွေကို အားနာတယ်”

“ဘာဖြစ်လို့ ...”

“သူတို့ က သူ့တို့ သမီးကို အရွယ်ရှိတုန်းလေး နေရာကျစေချင်မှာ ၊ တော်ကြာ အရွယ်တော်တစ်ဆိတ်ဟိုင်းမှ ဆိုရင် ကိုကိုက လိုချင်ပါတော့ မလားဆိုပြီး သူတို့ က စိတ်ပူနေရှာမှာ ပေါ့”

"ကိုကိုပို..။ ဘယ်သူမှ အဲဒီလို မပူဘူး။ သွယ်ဝိုက်ပြီး ရှားကို စည်းရုံးနေတာ မသိဘူးမှတ်လို့ လား။"

"ဟဲ...ဟဲ..သိရင်လည်း အစီအစဉ်ကို မြန်မြန်လေး"

"နောင်နှစ်ပေါ့ ကိုကိုရယ်"

"နောင်နှစ်...ဟုတ်လား။ ပြောပေါင်းများ လို့ ရိုးနေပါပြီကွယ်။ နောင်နှစ်တွေက မဆုံးနိုင်တော့ပါဘူးကွယ်"

"အပင်း..ပင်း..အသံမကောင်းဘဲနဲ့ သီချင်းဆိုချင်သေးတယ်။ ခဲတွေ ပလူပျံအောင် လာကုန်မယ်"

"ခဲတွေလာတော့လည်း ရှားနဲ့ ကိုကို လက်ထပ်ပြီး အတူနေဖို့ တိုက်ဆောက်ရတာပေါ့။ အင်း..အဲဒါမှ ပဲ တိုက်ဆောက်နိုင်မှာ ရှား ခုလို စေတနာ့ဝန်ထမ်း၊ အလကားမတ်တင်း ရှေ့နေလိုက်ခနဲ့ တော့ တိုက်ဆောက်နိုင်မှာ မဟုတ်ဘူး "

"တော်ပါ ကိုကိုရယ်၊ ရယ်စရာတွေချည်း လျှောက်ပြောနေတယ်။"

"မောင်သော်ပါရင် ကောင်းမှာ ပဲကွယ်"

အတွေးထဲသို့ ဒေါ်လေးကြင်ကြင်၏ စကားသံတို့ ဝင်လာသည် ။ ဒေါ်လေးကြင်ကြင်ခမျာလည်း ကိုကို့ကို သားတစ်ယောက်လို သံယောဇဉ်ကြီးနေပါပြီ။ ယခုပဲ ကြည့်။ ကိုကို့ကို သတိတရ၊ တမ်းတမ်းတတနှင့်။

"မမလေးက အစ်ကို့ကို ခေါ်မလာဘဲ အပျိုလုပ်လာတာပေါ့။ ဟုတ်လား"

ဖိုးခွားကပါ ရယ်၍ လှည့်ပြောသည် ။

"ဟဲ့...သူနဲ့ ငါက လက်မှ မထပ်ရသေးတာ။ ငါက အပျိုပဲ။ နင့်စကားကြီးကလည်း ..."

"ဟာ...စကားမှားသွားလို့ ပါ။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်လာချင်လို့ မဟုတ်လားလို့ ပြောတာပါ"

"ငါတို့ က ခေါ်ပါတယ်ဟယ်။ မအားလို့ ပါ။ လိုက်မယ်လို့ အစီအစဉ်တွေလုပ်ပြီးမှ သူ့ဇာတ်ညွှန်းကို ရုပ်ရှင်ရိုက်ဖို့ ချက်ချင်းကြီး အရေးပေါ်ဖြစ်လာလို့ "

"ဘာရုပ်ရှင်လဲ၊ အရင်က "မော်ဒယ်အချစ်များ " ရုပ်ရှင်ကားကြီးတော့ ကြည့်ရတယ်။ အစ်ကို့ရေးတဲ့ ဗီဒီယိုကားတချို့လည်း ကြည့်ရတယ်။ တချို့က ဒီမြို့ကို မရောက်လို့ မကြည့်ရဘူး။ ဟိုတစ်လောကတော့ ဒီဗီဒီကား..ဘာတဲ့ .."ပျောက်သောလမ်းမှာ စမ်းတဝါး" ကြည့်လိုက်ရသေးတယ်"

"အေး..အဲဒီ ပျောက်သောလမ်းမှာ စမ်းတဝါးကို ရိုက်တဲ့ ဒါရိုက်တာကပဲ အခု ကိုကိုစာပေဗိမာန်ဆုရထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်မှာ ။ "တိမ်ညွှန့်စားမြင်းရိုင်း"တဲ့ ၊ ရုပ်ရှင်ကြီးဆိုတော့ ဇာတ်ညွှန်းက ပိုအရေးကြီးတယ်လေ။ ပြီးတော့ မင်းသား၊ မင်းသမီးတွေက ရိုက်ရက်ပေးပြီဆိုတော့ အချိန်ရွှေ့လို့ မရတော့ဘူး။ ဒါကြောင့် သူကျန်နေခဲ့ရတာ "

သစ်ပင်ကြီးတွေရှိနေသဖြင့် အရိပ်ကတော့ ရသည် ။ တချို့နေရာတွေမှာ ဘောက်ချုံတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ထူထူထပ်ထပ်ရှိနေ၏။

စောစောက နောက်မှ လိုက်ပါခဲ့ဟန်ရှိသော ရဲဒိုးကို ထပ်မံ၍ မတွေ့တော့။ မေစံရှားသတိပြုမိကြောင်း သိသွား၍ နောက်ပြန်လှည့်သွားပြီလား မဆိုနိုင်။ သို့မဟုတ် မမျှော်လင့်သောနေရာမှ ဘွားခနဲပေါ်လာမည်

လား။

သတိကိုတော့ မလျှော့စေဖို့ သံပတ်ပေးထားရသည် ။

လမ်းက မြေလမ်းဖြစ်ပြီး လူသွားလမ်းလည်း ဖြစ်၊ မြင်းလှည်း၊ နွားလှည်း သွားလာ၍ ရအောင်လည်း ကျယ်သည် ။ ထို့ကြောင့် ဒေါ်လေးကြင်ကြင်က မြင်းလှည်းနှင့်သွားရန် ပြောခဲ့ခြင်းဖြစ်ပြီး မေစံရှားကသာ မရောက်သည် မှာ ကြာပြီဖြစ်သော ငယ်ငယ်က ခြေရာချင်းထပ်သည့် နေရာများကို ပြန်လည်၍ ခြေချချင်စိတ်ဖြင့် လမ်းလျှောက်လာခဲ့ခြင်း ဖြစ်သည် ။

အောင်တော်မူစေတီတော်မှာ ဆုတောင်းပြည့် သမိုင်းဝင်စေတီ ဖြစ်သည် ။ ပုဂံခေတ်ကတည်းက တည်ခဲ့သည် ဟု အဆိုရှိ၏။ ရိုးမ၏ အစွယ်ဖြစ်သော တောင်ကြောကလေးတစ်ခုပေါ်တွင် တည်ရှိသည် ။ လယ်ကွင်းတချို့ကိုဖြတ်၊ တောစပ်ကလေးကို ကျော်ပြီးမှ တောင်ခြေရင်းကို ရောက်သည် ။

နောက်မှ အရိပ်ကို ထပ်မံမတွေ့ရ၍ မေစံရှားစိတ်မှာ ပေါ့ပါးသွားသည် ။ မေစံရှားနောက်သို့ လိုက်ခြင်းမဟုတ်ဘဲ အမှတ်မထင်တွေ့ဆုံခြင်းလည်း ဖြစ်နိုင်၏။

“မောနေပြီလား မမလေး”

ဘုရားရင်ပြင်တော်ပေါ်အရောက်တွင် ဖိုးခွားက မေးသည် ။

“မောတော့ မောတာပေါ့။ ဒါပေမဲ့ မမောဘူး။”

စိုင်းထီးဆိုင်သီချင်းလေးကို ညည်းပြလိုက်၍ ဖိုးခွားက သဘောကျစွာ ရယ်သည် ။

“မမလေးကလည်း နောက်တတ်တာပဲနော်”

"နောက်တာ မဟုတ်ဘူး ဖိုးခွားရဲ့ ။ လမ်းလျှောက်လာရလို့ မောတာတွေက ဘုရားပေါ်ရောက်တော့ အမောပြေသွားတယ်။ ပြီးတော့ ဟောဒီ ရင်ပြင်တော်ပေါ်ကနေ မြို့ဘက်ကို ပြန်ကြည့်ရတာ လယ်ကွင်းတွေနဲ့ ဟိုကတွေ့လာတဲ့ စမ်းချောင်းကလေးနဲ့ ရှုခင်းက သိပ်လှတယ်လေ။ ရင်ထဲမှာ ကြည်နူးဆွတ်ပျံ့မှုတွေ ခံစားရတယ်ပေ့ါဟာ"

"လွမ်းစရာလည်း ကောင်းမှာ ပေ့ါနော်။ အစ်ကိုနဲ့ သာ အတူဆိုရင် ဆိုပြီးတော့..."

"ငါကိုတော့ ပြောတယ်။ နင်လည်း နောက်တတ်တာပါပဲလား။ ဖိုးခွားရဲ့ "

ဖိုးခွားက ရယ်နေသည် ။

စေတီတော်မှာ ရွှေဆေးသင်္ကန်းကပ်လှူထားပြီး သပ္ပာယ်တော်မူလှသည် ။ ကွင်းကိုဖြတ်လာသော လေနုနွဲ့တို့ ကြောင့် လှုပ်ခတ်နေသည့် ဆည်းလည်း သံ တချွင်ချွင်ကလည်း ရင်ကိုမွေ့ချမ်းစရာ။

ဘုရားကို ရှစ်ခိုးပြီး ပါလာသော ပုတီးကိုထုတ်ကာ ဂုဏ်တော်ကိုးပတ်စိပ်သည် ။ တောရိပ်၊ တောင်ရိပ်ကြောင့်လည်းကောင်း၊ တပြူးပြူးတိုက်ခတ်နေသော လေကြောင့်လည်းကောင်း အေးမြပြီး ပုတီးစိပ်ရသည်မှာ ငြိမ်းအေးလှသည် ။

မေစံရှား ဘုရားရှေ့မှ အထတွင် ဒေါ်လေးကြင်ကြင်နှင့် ဖိုးခွားတို့ က ဘုရားရှိခိုးပြီးနောက် ရင်ပြင်တော်ပေါ်တွင် ပတ်ကာ ကြည့်နေကြောင်း သိရသည် ။

ရင်ပြင်တစ်နေရာ အုတ်တံတိုင်းကိုကိုင်၍ ရှုခင်းအသွယ်သွယ်ကို ငေးမောကြည့်နေခိုက် တောင်ကြောကလေးဘက်မှ လှေကားအတိုင်း

တက်လာသော ဖိုးသူတော်တစ်ဦးကို တွေ့ရသည် ။

အပေါ်ဖြူ အောက်ဖြူနှင့် ကတုံးနှင့် ...။ လည်ပင်းတွင် စိပ်ပုတီးကြီးနှင့်...။

အရွယ်က မေစံရှားတို့ လောက်ပင် ရှိဦးမည် ခန့်မှန်းရ၏။ မတ်တတ်လှည်းရသော အုန်းတံမြက်စည်းရှည်ကြီးကို ကိုင်လျက်ဖြစ်သည် ။ ဘုရားရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးလုပ်ရန် တက်လာခြင်းဖြစ်ဟန်တူ၏။

ဖိုးသူတော်က လှေကားမှ တစ်ဆင့် ရင်ပြင်တော်ပေါ် ခြေချပြီးနောက် ရပ်နေသော မေစံရှားကို သတိပြုမိသွားပုံ ရသည် ။

တစ်ဖက်သို့ ထွက်သွားမည်ပြုပြီးမှ မေစံရှားဘက်သို့ ပြန်လှည့်ကာကြည့်၏။ ကတုံးပြောင်ပြောင်ကို ပွတ်လိုက်ရင်း မျက်ခုံးတွေတွန့်သွား၏။

ရှေ့သို့ ခြေတစ်လှမ်းနှစ်လှမ်းတိုးလာရင်း...

“ဟဲ့...နင်...နင်...မေစံရှားမဟုတ်လား”

တအံ့တသြ ဝမ်းပန်းတသာ အသံစုလေး ထွက်လာသည် ။

မေစံရှားကလည်း ဖိုးသူတော်ကို မြင်ဖူးပါသည် ဟု ကြည့်နေပြီးမှ ဖိုးသူတော်၏ ပြုံးဖြဲဖြဲမျက်နှာကို မှတ်မိသွားသည် ။

“ဟင်...တိုးမောင်..အဲ..ဦးသူတော်”

သူတော်တိုးမောင်က တဟားဟားအော်ရယ်ပြီး..

“တိုးမောင်ပဲ ခေါ်စမ်းပါဟာ၊ နင်နဲ့ ငါက ကျောင်းနေဖက်သူငယ်ချင်းပဲဟာ”ဟု ပြောသည် ။

“ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ လူချင်း သူငယ်ချင်းဖြစ်ခဲ့ပေမယ့် အခု ဦးသူတော်ဖြစ်နေတာ။ ယူနီဖောင်းကိုတော့ လေးစားရမှာ ပေါ့”

မေစံရှားက ပြန်ပြောသည် ။ အပြုံးဖြင့် ရင်းရင်းနှီးနှီး။

“နင် ရန်ကုန်မှာ ဆို၊ ရွှေနေလုပ်နေတယ်ဆို”

“ဟုတ်ကဲ့”

“အင်းလို့ ပြောစမ်းပါဟာ”

“ဦးသူတော်ကရော”

“လာပြန်ပြီ..။ နင်ပြောသလို ငါ့ယူနီဖောင်းကြည့်တာနဲ့ ဖိုးသူတော်ဖြ စ်နေတယ်ဆိုတာ နင်သိမှာ ပါဟာ။ ငါ ဟိုတောင်စောင်းက ကျောင်းက လေးမှာ နေတယ်။ အဲဒီမှာ တောရဆောက်တည်နေတဲ့ ဆရာတော်တစ် ပါးရှိတယ်။ ငါက သူ့ကို ပြုစုစောင့်ရှောက်ရင်း နေတာ”

“ဒီလိုနေနိုင်တာ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမယ့် လောကီလူ့ ဘောင်ကို စွန့်မယ်ဆိုလည်း တစ်ခါတည်း ရဟန်းဝတ်ပြီး တရားအားထု တ်ရင် မကောင်းဘူးလား”

သူတော် တိုးမောင် တဟားဟား အော်ရယ်ပြန်သည် ။

“ဘုရားက ဟောတယ်။ အဝိဇ္ဇာ၊ တဏှာ ပယ်တဲ့ ၊ ငါက အဝိဇ္ဇာရော၊ တဏှာရော၊ အပြီးမပယ်နိုင်သေးဘူးဟ။ ရဟန်းဝတ်ရင် ကုသိုလ်မရလဲ ငရဲရမှာ ။ ဒါကြောင့် ဖိုးသူတော်နဲ့ အရင်ဆုံးနေတာ။ ရဟန်းဘောင်တ က်နိုင်ဖို့ စမ်းသပ်ခံကာလပေါ့ဟား..ဟား…ဟား…”

ပြောရင်း ရယ်ပြန်သည် ။ ငယ်ငယ်ကအတိုင်း အရယ်သန်သောသူ တော်တိုးမောင်ကို ကြည့်ပြီး…

“ကျွန်မက မြို့ကိုလည်း မရောက်တာကြာလို့ မိဘတွေကိုလည်း ကန်တော့ရင်း၊ ဆရာတွေကိုလည်း ကန်တော့ရင်း ပြန်လာတာပါ။ မမျှော်လင့်ဘဲ ခုလိုပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ”

ဟု ပြောလိုက်သည် ။

“ငါလည်း အရမ်းဝမ်းသာတယ်ဟ။ နင်နဲ့ ငါ မတွေ့ကြတာ ဆယ်နှစ်ကျော်ပြီထင်တယ်။ သူငယ်ချင်းတွေလည်း ကျောင်းကထွက်ပြီး ကွဲကွာကုန်ကြတာလေ။ တစ်လောက ဝေသာကြီးနဲ့ တွေ့တယ်”

“ကျွန်မလည်း ဝေသာနဲ့ တွေ့ပြီးပြီ။ သူက ရဲအရာရှိအနေနဲ့ ဒီကိုပြန်ရောက်တာ မကြာသေးဘူးတဲ့ ”

“အေး...ငါကိုလည်း အဲဒီလို ပြောတယ်။ သူ့မိန်းမကိုရော နင်တွေ့ပြီးပြီးလား”

မေစံရှား ပြုံးလိုက်သည် ။ သူတော်တိုးမောင်ကို တစ်ခဏမျှစိုက်ကြည့်ပြီး..

“ဦးသူတော် ခင်မြတ်မွန်ကို မမေ့သေးဘူးကိုး။ ခင်မြတ်မွန်နဲ့ ကျွန်မနဲ့ မတွေ့ရသေးပါဘူး။ ဝေသာနဲ့ ပဲ တွေ့တာ။ ဝေသာက သူ့မိန်းမနဲ့ လည်း တွေ့ရအောင် ထမင်းစားဖိတ်ထားသေးတယ် ”

ထိုအခိုက်မှာ ဒေါ်လေးကြင်ကြင်နှင့် ဖိုးခွားတို့ အနားရောက်လာသည် ။

“အဒေါ်...နေကောင်းတယ်နော်”

သူတော်တိုးမောင်က မှတ်မိဟန်ဖြင့် စတင်နှုတ်ဆက်၏။ ဒေါ်လေးကြင်ကြင်က ရုတ်တရက် မမှတ်မိ၊အသေအချာအကဲခတ်ပြီးမှ . .

“အို..ဒါ…တိုး…တိုးမောင်မဟုတ်လား”

ဟု တအံ့တသြရေရွတ်လေသည် ။

“သာဓုပါ…သာဓု..သာဓု..။ လူငယ်ပေမယ့် ခုလို ဘုရားရိပ်၊ တရားရိပ် ခိုနိုင်တာ ချီးကျူးပါတယ်”

ဟု လည်း ဆက်၍ ပြော၏။

“အဒေါ်ကသာ ချီးကျူးနေတာ၊ မြို့ထဲမှာ အလှူခံသွားရင်း ဝေသာနဲ့ တွေ့တော့ မင်းကအချောင်စားချင်လို့ ဖိုးသူတော်ဝတ်နေတာ မဟုတ်လားလို့ အရိခံလိုက်ရတယ်”

“သူငယ်ချင်းချင်းမို့ နောက်လိုက်တာနေမှာ ပါ ဦးသူတော်ရယ်၊ ငယ်ငယ်က တတွဲတွဲနေလာတဲ့ သူတွေပဲဟာ”

မေစံရှားက ကြားစကားဝင်ပြောသည် ။

“ဒါပေမဲ့မေစံရှားရဲ့ ..။ ဒီကောင်ငါ့ကို သူ့အိမ်တော့ မခေါ်ဘူးဟ။ သူ့မိန်းမကို တွေ့မှာ စိုးလို့ ထင်တယ်။ ဟား…ဟား..ဟား..”

သူတော်တိုးမောင်က သူ့စကား၊ သူသဘောကျတာ ရယ်ပြန်သည် ။

“ဒါကြောင့် ဘုရားဟိုဘက်မှာ ကတည်းက ရယ်သံကြားရပါတယ်လို့ ဒေါ်လေးနဲ့ ဖိုးခွားက ပြောမိသေးတယ်။ သမီးက သူတော်တိုးမောင်နဲ့ တွေ့နေတာကို”

“ကဲ..အဒေါ်နဲ့ မေစံရှားရေ ဘုရားရင်ပြင်ပေါ် သန့်ရှင်းရေးလုပ်လိုက်ဦးမယ်။ ပြီးရင် ဆရာတော်ကို ဆွမ်းကိစ္စလုပ်ပေးရဦးမှာ ။ မေစံရှားတို့လည်း သိပ်နေမပြင်းခင် ပြန်ကြ။ နောက်တစ်ခေါက်လာရင် ဆရာတော်ကိုလည်း လိုက်ဖူးဦးပေါ့။ အခုကတော့ ဆရာတော် ဂူထဲမှာ အဓိဋ္ဌာန်ဝင်

နေလို့ ”

“ဟုတ်ကဲ့ ဦးသူတော်”

“အေးပါ တိုးမောင်ရလို့ ပြောစမ်းပါမေစံရှားရယ်။ နင်ပြောပုံကြီးက ငါနားထဲမှာ ကန့်လန့်ကန့်လန့်နဲ့ ။ ကဲ…ကဲ…သွားကြတော့…သွားကြတော့”

သူတော်တိုးမောင်က တံမြက်စည်းကိုကိုင်၍ နှုတ်မှ ဘုရားစာအချို့ကိုရွတ်ကာ နေရာမှ ထွက်သွားသည် ။

“သမီးတို့ သူငယ်ချင်းတွေထဲမှာ တော့ တိုးမောင်က တစ်ဘာသာဖြစ်သွားပြီ”

ဒေါ်လေးကြင်ကြင်က မှတ်ချက်ချ၏။

ဖိုးခွားက..

“ကျွန်တော်တို့ အိမ်ဘက်တွေလည်း သူအလှူလာခံတတ်တယ်။ ကျွန်တော်က မမလေးသူငယ်ချင်းမှန်း မသိပါဘူး။ ဖိုးသူတော်နဲ့ တွေ့တာတစ်နှစ်လောက်ရှိပြီ ထင်တယ်”

ဟု ဝင်ပြောသည် ။

“ကဲ…ပြန်စို့..ဒေါ်လေးရေ”

မေစံရှားတို့ ဘုရားမှ ပြန်ဆင်းလာကြသောအခါ နေအတန်မြင့်နေပြီဖြစ်၏။ သူတော်တိုးမောင်ကတော့ ဘုရားရင်ပြင်ပေါ်မှာ တံမြက်လှည်းရင်း ကျန်ရစ်သည် ။

*

“သမီးရေ ..ရန်ကုန်က ဖုန်းလာတယ်။ ပြန်ဆက်ပါတဲ့ ”

အိမ်ရောက်ရောက်ချင်း အမေက မေစံရှားကို ဆီးကြို၍ ပြောသည် ။

"ဘယ်သူဆက်တာလဲ အမေ"

"ဟဲ့..ဘယ်သူရှိရမလဲ။ မောင်သော်ပေါ့"

မေစံရှားက ဖုန်းရှိသော စတိုးဆိုင်သို့သွားကာ ရန်ကုန်ကို ဖုန်းပြန်ခေါ်ရသည် ။ ကိုကိုဖုန်းဆက်တာ အကြောင်းတစ်ခုခုရှိနိုင်၏။ လွမ်း၍ဆက်ခြင်း သက်သက်မျှတော့ မဖြစ်နိုင်။

စတိုးဆိုင်ထဲမှ ဖုန်းခေါ်နေခိုက် ရဲအုပ်ဝေသာနှင့် သူတပည့်နှစ်ဦး ဆိုင်ရှေ့မှာ ခပ်သုတ် သုတ်ဖြတ်သွားသည် ကို တွေ့ရ၏။ ဦးဘပွားအသတ်ခံရမှုအတွက် ရဲအုပ်ဝေသာတို့ အလုပ်ရှုပ်နေပုံရသည် ။

"ဟဲလို.."

"ကိုကိုလား...။ ရှားပါ။ စောစောက ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ်..။ရှားမရှိဘူးဆိုလို့ ဖုန်းပြန်ဆက်ဖို့ မှာ ရတာ"

"ရှားက ဒေါ်လေးနဲ့ ဘုရားသွားဖူးနေတာ။ ကိုကိုဖုန်းဆက်တာ ဘာအကြောင်းရှိလို့ လဲ"

"ရှားကို လွမ်းလို့ ပေါ့"

"အပိုတွေပါ..။ ရုပ်ရှင်ရိုက်ကွင်းမှာ မင်းသမီးလေးတွေနားကပ်နေပြီးတော့ ရှားကို လွမ်းသတဲ့ လား။ မယုံပါဘူး"

ကိုကိုရယ်သံ ကြားရ၏။ ပြီးမှ ..

"ကိုကို့ဆီကို မောင်ရှင်လာသွားတယ်"

"သမာဓိမောင်ရှင်လား"

“ဟုတ်တယ်..”

“ဘာကိစ္စရှိလို့ လဲ”

“သူက ရှားကို လာတွေ့တာ။ ရှားက မြို့ပြန်သွားကြောင်းပြောပြလို့ သူက စိတ်ပူပြီး ရှားကို လှမ်းသတိပေးပေးပါလို့ မှာ သွားလို့ ”

“ဘာကြောင့်များ လဲ”

“အရင်တစ်ခါ ရှား တရားရုံးတင်ပြီး ထောင်ထဲပို့လိုက်တဲ့ လူကြီးလူကောင်းလူဆိုးကြီး ဦးတောက်ထိန်ရဲ့ တပည့်တွေ လှုပ်ရှားနေတယ်တဲ့ ။ အဓိကကတော့ ရှားကို ဒုက္ခပေးဖို့ လည်း ပါတယ်တဲ့ ။ အဲဒါ တစ်ဖက်လပ်ပေမဲက ရှားတို့ မြို့ကို လိုက်သွားတယ်လို့ လည်း ကြားတယ်တဲ့ ။ ရှားကို ပြဿနာရှာလို့ ပါနိုင်သလို တခြားအကြောင်းလည်း ရှိနိုင်တယ်တဲ့ ။ ဒီကောင်က သွေးအေးတဲ့ လူသတ်သမားလို့ မောင်ရှင်က ပြောတာပဲ။ ရှား သတိထား နေပါနော်”

“ကိုကိုက ရှားကို စိတ်ပူတယ်ပေါ့”

“ပူရတာပေါ့ ရှားရယ်။ ကိုကိုတောင် လိုက်လာချင်တာ၊ ဒီမှာ ကလည်း အလုပ်က အရေးကြီးနေလို့ ”

“အင်း..ရှားတော့ တရားရသွားပြီ။ ချစ်တယ်ချစ်တယ်နဲ့ ပြောပြီးတော့ တကယ်တမ်းလည်း ကျရော ချစ်သူထက် အလုပ်ကို ဦးစားပေးတော့တာပဲနော်”

“ဟာ..အဲဒီလို မပြောပါနဲ့ ရှားရယ်။ ခုကိစ္စက ရှားသိပြီးသားပါ။ ကိုကိုထပ်ရှင်းပြဖို့ လိုမယ်မထင်ပါဘူး”

“ရှားနောက်တာပါ ကိုကိုရယ်။ ရှားအတွက်လည်း စိတ်မပူပါနဲ့ ။

ဒီမြို့က ရှားမြို့ပါ။ ပြီးတော့ အဖေ အမေရော ဒေါ်လေးကြင်ကြင်ရော၊ မောင်ဝမ်းကွဲလေးတွေရော ရှိပါတယ်။ နောက်ပြီးတော့လည်း ရှား သူငယ်ချင်း ဝေသာက ရဲအုပ်ဖြစ်ပြီး ဒီကို ပြန်ရောက်နေတာ။ ရှား ဘာပူစရာရှိမှာ လဲ”

“ကိုကိုကတော့ စိုးရိမ်နေတာပဲ။ ဘယ်သွားသွား သတိမလစ်ပါစေနဲ့ ။”

“ဟုတ်ကဲ့ပါရှင့်”

“မနောက်ပါနဲ့ ကွာ အတည်ပြောနေတာ”

“အိုး.ရှားကလည်း လေးလေးစားစားပြန်ပြောတာပဲဟာ”

“ယောက္ခမကြီးတွေ နေကောင်းကြတယ်မဟုတ်လား။ မင်္ဂလာကိစ္စ သူတို့ ပြောရင် ခေါင်းညိတ်ခဲ့နော်”

မေစံရှား ပြုံးမိပြန်သည် ။

“ဟော့..ကိုကို ရှားကို ဒီအကြောင်းပြောချင်လို့ ဖုန်းဆက်တာလား။ စိတ်ပူလို့ ဖုန်းဆက်တာလား”

“နှစ်ခုစလုံးပဲ။ အဲ…စိတ်ပူလို့ ပါ ရှားရယ်”

“ကဲ…စိတ်ပူတာကို စိတ်ချ၊ ဟိုကိစ္စကိုတော့ နားမပူနဲ့ ဒါနဲ့ ပြောရဦးမယ်”

“ဘာလဲ..ရှား”

“ရှားလည်း ဘယ်သွားသွား အမှုအခင်းနဲ့ ဝေးတယ်လို့ ကို မရှိဘူး။ အခုမြို့မှာ လူသတ်မှုတစ်ခု ဖြစ်သွားတယ်”

“ဟင်..အဲဒါ ဟိုကောင် တစ်ဖက်လပ်ပေမဲနဲ့ များ သက်ဆိုင်နေမ

လား မသိဘူး”

“ရဲအုပ်ဝေသာတော့ နေ့ရော၊ ညပါ လှုပ်ရှားနေပုံပဲ။ ရှားကိုတောင် အကြံဉာဏ်ပေးဖို့ ပြောနေသေးတယ်”

“သူငယ်ချင်းချင်းပဲ…။ တရားဥပဒေဘက်တော်သားလည်း ဖြစ်တဲ့ ရှားက ရေငတ်တုန်း ရေတွင်းထဲကျ ဖြစ်သွားတာပေါ့..ဟုတ်လား။ ဒါပေ မဲ့ ဂရုစိုက်နော်။ တော်ကြာ လူသတ်သမားရဲ့ မြားဦးက ရှားဘက် လှည့် လာဦးမယ်”

“ကဲ…မှာ တာတွေအားလုံး မှာ တဲ့ အတိုင်း သတိ၊ ဝီရိယကြီးစွာနဲ့ နေပါ့မယ် စိတ်ချတော်မူပါ”

“ရှား ဘယ်တော့ပြန်လာမှာ လဲ”

“ဟောတော့်…ခုမှ မြို့ရောက်ရုံရှိသေးတယ်။ ပြန်လာဖို့ မေးနေပြီ လား”

“ခွဲမနေတတ်လို့ ပါ”

“အလကား..။ အဲဒါလေးတွေနဲ့ ပဲ ရှားကို ဖြားယောင်းသွေးဆောင် နေတာ”

“အမလေး…ပုဒ်မ ၃၃ဖတော့ မတပ်လိုက်ပါနဲ့ ရှေ့နေမကြီးရယ်”

ရှား ရယ်လိုက်ရပြန်၏။

“ကဲ…ဒါပဲနော် ကိုကို။ အကြောင်းကိစ္စထူးရှိရင် ဖုန်းဆက်ပါ့မယ် စိ တ်မပူပါနဲ့ နော်”

“ကောင်းပါပြီ ခင်ဗျာ”

*